

Syllabus

အခမဲ့တက်ရောက်နိုင်သော အွန်လိုင်းသင်တန်း

# ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ သင်တန်း


Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

Sweden Sverige

This project is funded by the European Union

V4MF Voices for Mekong Forests

RECOFTC

# သင်တန်းအကြောင်းအရာ

ဤသင်တန်းတွင် အာရှပစိဖိတ်ဒေသတွင်း အခြေပြုကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်း မိတ်ဆက်၊ ခြုံငုံဆွေးနွေးချက်များပါဝင်သည်

# သင်ကြားလေ့လာရေး ရည်ရွယ်ချက်များ

ဤသင်တန်းပြီးနောက်သင်သည်–

- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအား သစ်တောများစီမံအုပ်ချုပ်ခန့်ခွဲမှုပြု ရာတွင် ဒေသခံပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ပေးနိုင်သည့်နည်းလမ်းတစ်ခု အနေဖြင့် သိမြင်လက်ခံလာမည်ဖြစ်သည်၊
- အာရှပစိဖိတ်ဒေသတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနည်းစနစ်များ စုံလင်ကွဲပြားမှုကို သိရှိလာမည်ဖြစ်သည်၊
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနည်းစနစ်များကို လေ့လာသုံးသပ်ရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အခြေခံမှုများကိုအသုံးချလာ နိုင်မည် ဖြစ်သည်၊
- သင့်ဒေသ/ရပ်ရွာအတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအပေါ် ကျရောက် လျက်ရှိသည့်စိန်ခေါ်မှုများအား ဖော်ထုတ်လာနိုင်မည်ဖြစ်သည်။

# သင်တန်းဖွဲ့စည်းထားရှိပုံ

ဤသင်တန်းတွင် အာရှပစိဖိတ်ဒေသတွင်း အခြေပြုကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်း မိတ်ဆက်၊ ခြုံငုံဆွေးနွေးချက်များပါဝင်သည်။

| သင်ခန်းစာ | ပင်မအကြောင်းအရာt |
|---|---|
| နိဒါန်း | |
| သင်ခန်းစာ ၁– ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုသည်မှာ အဘယ်နည်းနှင့် အဘယ်ကြောင့်နည်း | ▪ သစ်တောကဏ္ဍတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍ ပြန်လည်စဉ်းစားမှုကိုဖြစ်စေသည့် ပြောင်းလဲမှုဆိုင်ရာ တွန်းအားများ<br>▪ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်<br>▪ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ ရည်ရွယ်ချက်များ |
| သင်ခန်းစာ ၂– လူနှင့် သစ်တောများ အကြား ဆက်နွယ်မှု | ▪ အမျိုးမျိုးသောအကျိုးသက်ဆိုင်သူများမှ သစ်တောထံမှ ရရှိသောအကျိုးကျေးဇူးများ<br>▪ သစ်တောများအား ရေရှည်တည်တံ့စွာ စီမံခန့်ခွဲနိုင်မှု သေချာစေရန် အကျိုးသက်ဆိုင်သူအသီးသီး ပါဝင် ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ |
| သင်ခန်းစာ ၃– ဒေသခံပြည်သူ အစုအဖွဲ့ ပိုင် သစ်တော လုပ်ငန်း နည်းစနစ်များ | ▪ အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံအသီးသီးတွင် ကျင့်သုံး လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း နည်းစနစ် ဥပမာများ |

| | |
|---|---|
| သင်ခန်းစာ ၄– ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ အခြေခံမှု များ | ▪ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အောင်မြင်မှုကို လမ်းညွှန်ပေးနိုင်သည့် အခြေခံမှုများ |
| သင်ခန်းစာ ၅– ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ | ▪ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအား ၎င်း၏ အလားအလာကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မှု အပေါ် ဟန့်တားလျက်ရှိသည့် စိန်ခေါ်မှုများ |
| နှုတ်ဆက်စကားလုံးများ | |

## ကျွမ်းကျင်မှုအဆင့်အတန်းဖော်ပြချက်

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်း

## ရှိရင်းစွဲ/ကနဦး လေ့လာသိရှိထားရန် လိုအပ်မှု

မရှိပါ

## အဆင့်သတ်မှတ်ခြင်းဆိုင်ရာ မူဝါဒ

သင်တန်းအကဲဖြတ်ဆန်းစစ်ချက်ကို အောင်မြင်စွာဖြေဆိုနိုင်ပါက သင်တန်းတက်ရောက်မှု ပြီးစီးကြောင်းလက်မှတ်ရရှိမည်ဖြစ်သည်။

သင်တန်းတွင် အလိုအလျောက်အဆင့်သတ်မှတ်မှုနှင့် လေ့ကျင့်ခန်းစာအုပ်ပြုလုပ်မှု (workbook) ဟူ၍ အကဲဖြတ်ဆန်းစစ်မှု ၂ မျိုးကိုအသုံးပြုထားပါသည်၊

- အလိုအလျောက်အဆင့်သတ်မှတ်စစ်ဆေးရာတွင် အဖြေအပေါ် မှတ်ချက်မဆိုင်းမတွ ပေးပါသည်။ မေးခွန်းတစ်ခုလျှင် တစ်မှတ်သတ်မှတ်ထားပါသည်။ သင်အဖြေမှန် ရွေးချယ်နိုင်ရန် ၂ ကြိမ် ကြိုးစားဖြေဆိုနိုင်သည်။ ဤဆန်းစစ်ချက် အောင်မြင်နိုင်ရန် သင်သည် ၇၅ ရာခိုင်နှုန်း (သို့) ယင်းအထက်အဆင့်ရရှိရန်လိုအပ်သည်။
- လေ့ကျင့်ခန်းစာအုပ်ပြုလုပ်မှုတွင် ပေးအပ်ထားသည့် သင်ခန်းစာများကို အွန်လိုင်းပြင်ပ ပြုလုပ်ရန်ဖြစ်သည်။ သင်သည် သင့်ပြုလုပ်ပြီးစီးထားသည့် အိမ်စာများကို myanmar.elearning@recoftc.org ထံသို့ အီးမေးလ်ပေးပို့ရန်လိုသည်။ သင်တန်းပို့ချရေးနှင့် လေ့ကျင့်သင်ကြားပေးရေးအဖွဲ့မှ သင်ပြုလုပ်ထားသည့်အိမ်စာကို စစ်ဆေးအကဲဖြတ်ပြီး အဆင့်သတ်မှတ်ပေးနိုင်ရန် ၎င်းတို့အား အချိန်ပေးအပ်ပါ။

| | |
|---|---|
| သင်ခန်းစာ ၁– ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆို သည်မှာနှင့် အဘယ်ကြောင့်နည်း | ၉ မှတ်၊ အလိုလျောက် အဆင့်သတ်မှတ်မှု |
| သင်ခန်းစာ ၂– လူနှင့်သစ်တောများ အကြားဆက်နွယ်မှု | အကဲဖြတ်ဆန်းစစ်ချက်မပါဝင်ပါ။ |
| သင်ခန်းစာ ၃– ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော လုပ်ငန်းနည်းစနစ်များ | ၇ မှတ်၊ အလိုလျောက် အဆင့်သတ်မှတ်မှု |
| သင်ခန်းစာ ၄– ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ အခြေခံမှုများ | ၆ မှတ်၊ အလိုလျောက် အဆင့်သတ်မှတ်မှု |
| သင်ခန်းစာ ၅– ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ | ၉ မှတ်၊ အလိုလျောက် အဆင့်သတ်မှတ်မှု |
| **စုစုပေါင်း** | **၃၁ မှတ်** |
| လေ့ကျင့်ခန်းစာအုပ် | ၀ (လုံလောက်မှုမရှိ)၊ ၁ (လေ့လာရန်လို)၊ ၂ (သင်တင့်လျောက်ပတ်မှုရှိ) နှင့် ၃ (သာလွန်ကောင်းမွန်မှုရှိ) ဟူ၍ အဆင့်သတ်မှတ်ချက်သုံး၍ အကဲဖြတ်ဆန်းစစ်ပါသည်။<br><br>သင်သည် သင်တန်းအောင်မြင် နိုင်စေရန် ၂ (သို့) ၃ အဆင့်ရရန် လိုအပ်သည်။ |